## သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ
## "သဘောထားထုတ်ပြန်ကြေညာချက်"
## ရက်စွဲ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ (၃) ရက်။

တပ်မတော်မှ သျှမ်းပြည်တိုးတက်ရေးပါတီ/သျှမ်းပြည်တပ်မတော် (SSPP/SSA) အား စစ်အင်အား အလုံးအရင်းနှင့် ပြင်းထန်စွာထိုးစစ်ဆင်နေမှုအပေါ် ကန့်ကွက် ဝေဖန်ရှုတ်ချကြောင်း သဘောထား ထုတ်ပြန်ကြေညာချက်။

၁။ ပြည်တွင်းငြိမ်းချမ်းရေးတည်ဆောက်ရေးအတွက် အပြန်အလှန်ယုံကြည်မှုများတည်ဆောက်နေသည့် ကာလနှင့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများမှ တစ်နိုင်ငံလုံးဆိုင်ရာပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေးအတွက် သဘောတူညီလက်မှတ်ရေးထိုးနိုင်ရေးအတွက် နိုင်ငံတော်အစိုးရနှင့် လက်တွဲပူးပေါင်းကာ ကြိုးပမ်းဆောင်ရွက်နေသည့်ကာလတွင် နိုင်ငံတော်နှင့် ငြိမ်းချမ်းရေးရယူထားသော သျှမ်းပြည်တိုးတက်ရေးပါတီ/သျှမ်းပြည်တပ်မတော် (SSPP/SSA) အား တပ်မတော်၏ အရှေ့အလယ်ပိုင်း တိုင်းစစ်ဌာနချုပ်နှင့် အရှေ့မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် လက်အောက်ခံတပ်ရင်း အင်အား (၁၀၀၀) ကျော်တို့မှ သျှမ်းပြည်တိုးတက်ရေးပါတီ/သျှမ်းပြည်တပ်မတော် (SSPP/SSA) ၏ တာ့ဖာဆောင်နှင့် ၎င်းတဝိုက်ရှိ တပ်စခန်းများအား ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ (၂) ရက် နံနက်အချိန်မှစ၍ စစ်အင်အား အလုံးအရင်းနှင့် ထိုးစစ်ဆင်တိုက်ခိုက်ခြင်းသည် တပ်မတော်မှ နှစ်ဖက်သဘောတူ လက်မှတ်ရေးထိုး ထားသော အပစ်ခတ်ရပ်စဲရေးသဘောတူညီချက်ကတိကဝတ်များအား ချိုးဖောက်နေခြင်းဖြစ်ကြောင်း၊ တပ်မတော်၏ ဤကဲ့သို့လုပ်ရပ်မှုအပေါ် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/သျှမ်းပြည် တပ်မတော် (RCSS/SSA) အနေဖြင့် ပြင်းထန်စွာကန့်ကွက်ဝေဖန်ရှုတ်ချကြောင်း ထုတ်ပြန် ကြေညာအပ်သည်။

၂။ တပ်မတော်၏ ဤကဲ့သို့လုပ်ရပ်များသည် နိုင်ငံတော်အစိုးရမှ ငြိမ်းချမ်းရေးတည်ဆောက်နေမှုအပေါ် ဆန့်ကျင်နေသည်ပင်မက တပ်မတော်မှချမှတ်ထားသော မူ (၆) ချက် အပေါ်တွင် ပြန်လည်ဆန့်ကျင် နေခြင်းပင်ဖြစ်သည်။

၃။ သို့ဖြစ်ပါ၍ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများအားလုံး ယနေ့လက်ရှိ တပ်မတော်၏ စစ်မက်လှုပ်ဆောင်ချက်များအပေါ် ပြန်လည်သုံးသပ်သင့်ပါကြောင်း သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/သျှမ်းပြည်တပ်မတော် (RCSS/SSA) မှအမြင်သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ


ဆက်သွယ်ရန်

(၁) စိုင်းလော်ဆိုင် (+၆၆ ၈၆ ၉၁၂ ၄၁၀၄)

(၂) စိုင်းငင်း (+၆၆ ၈၆ ၁၉၄ ၀၁၇၉)

(၃) စိုင်းမိဂ်း (+၆၆ ၈၉ ၂၆၆ ၃၅၀၇)

(Email: rcss.ssa@gmail.com)